PICA media PUBLISHING HOUSE

စိုးညွန့်ဝေ

ကျိုင်းကောက်၊

မှည်းနံ့ကြားရင်မိုးချုပ်သွားမယ်နှင့်

# သစေ သောင်းပါးမြှား



# အမှာစာပါးရခြင်းအကြောင်းမှာ

**- လေးကိုတင် -**

နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များနှင့် လစဉ်ထုတ်မဂ္ဂဇင်းများသည် မျက်ခြည်မပြတ်ဖတ်နေသော ကျွန်တော့် အဖို့ သူငယ်ချင်းမိတ်ဆွေများ ဖြစ်နေပါသည်။ နံနက်ခင်း နေအလင်း ရောင်ရောက်ပြီဆိုလျှင် ကျွန်တော်သည် လမ်းထိပ်ရှိ သတင်းစာဂျာနယ် ရောင်းဆိုင်ကလေးသို့ ရောက်သွားသည်။ ဝယ်နေကျ သတင်းစာနှင့် ဂျာနယ်နှစ်စောင်၊ နောက် ဟိုသတင်းစာလှန်ကြည့်၊ သည်သတင်းစာ လှန်ကြည့်နှင့် ကိုယ်ကြိုက်သည့်ဆောင်းပါးများပါတတ်သော သတင်းစာ (သို့မဟုတ်)ဂျာနယ်တစ်စောင်တော့ ထပ်ဝယ်လိုက်သည်။

ပြီးမှ လက်ဖက်ရည်ဆိုင် ရောက်သွားသည်။ သတင်းစာရွေး ပြီး ပထမဦးစားပေးသတင်းစာကို ဦးစွာ ဖတ်ရသည်။ လက်ဖက်ရည် တစ်ခွက်ရောက်လာသည်ကို မသိ။ စီးကရက်လက်ကြားက ညှပ်ထား ရင်း သတင်းစာတွေဖတ်၊ ဆောင်းပါးတွေဖတ်နှင့် ဖြစ်သွားသည်။ ဆိုင်ရှင်ကအလိုက်သိလေး သူ့ဆိုင်ကဝယ်နေကျသတင်းစာ(သို့မဟုတ်) ဂျာနယ်တစ်စောင်စောင် လာချပေးသည်။ နိစ္စဓူဝ မြင်နေကျ ကျွန်တော့် ရုပ်ပုံကားချပ်သည် ဆိုင်ရှင်နှင့်ဆိုင်ထဲရှိနေသူများ အသိအမှတ်ပြုထား သော စာပေသမားတစ်ယောက် ဖြစ်နေပါသည်။

ယနေ့ မီဒီယာသမားများ၏ ခေတ်ဆန်းချိန်သည် စာဖတ်သူ ပြည်သူအပေါင်းကို နေ၏ အလင်းရောင်နှင့်အတူ ထပ်လောင်းလင်း

လက်တောက်ပစေပါသည်။ တစ်ချိန်တည်းမှာပဲ မီဒီယာလောကသမား များသည် အဟောင်းအသစ်လက်တွဲ၍ မိမိတို့ စတုတ္ထမဏ္ဍိုင်ကို မြဲခိုင် အောင် တည်ဆောက်လမ်းဖောက်နေကြရပါသည်။ လမ်းဖြောင့်၊ လမ်း ကွေ့၊ လမ်းအရှေ့များကြားမှ ဦးလည်မသုန် ဖောက်ထွင်လျှောက်လှမ်း နေကြရသည်။

မည်သို့ပင်ဖြစ်စေ ထိုလမ်းထိုခရီးမှ ပင်ကြီးပင်ငယ် အသွယ် သွယ် ပေါက်လာသလို သတင်းစာပင်တိုင်ဆောင်းပါးရှင်များ၊ ကြိုကြား ကြိုကြားဆောင်းပါးရှင်များနှင့်အတူသတင်းစာဆရာနှင့်သတင်းထောက် ဆရာကလေးများလည်း ပေါ်ထွက်လာကြပြန်သည်။ များသောအား ဖြင့် မဂ္ဂဇင်းကလောင်များသည် မီဒီယာခေတ်ဆန်းချိန်တွင် သတင်းစာ ဂျာနယ်များပေါ်တွင် ဝေဝေစည်စည် ရောက်ရှိလာကြပါသည်။ တချို့ ဝါရင့်ကလောင်ရှင်၊ တချို့ဝါနုကလောင်ရှင်၊ တချို့ကလောင်ရှင်အသစ် စသည်ဖြင့် ...။

***

တစ်နေ့ ရေကျော်ရပ်ရှိ မောင်အေးကဖီးတွင် ကျွန်တော်သည် လက်ဖက်ရည်သောက်ရင်း အပြင်တံလျှပ် တဖျပ်ဖျပ်ထနေသော နွေနေ အောက်က ပေတစ်ရာလမ်းဆီ လှမ်းကြည့်နေစဉ် ဟမ်းဖုန်းအသံမြည် လာသည်။ ဟမ်းဖုန်း ဖွင့်နားထောင်လိုက်သည်။ ''ကျွန်တော် သက်ဦး မောင်ပါဆရာ''တဲ့။ သူက ဆက်ပြောသည်။ ''ဆရာ့ကို လွိုင်ကော်က လူငယ်နှစ်ယောက်ကတွေ့ချင်လို့၊ ခု ဆရာဘယ်မှာလဲ''။ ကျွန်တော်က မောင်အေးကဖီးမှာရှိကြောင်း ပြောရသည်။

နာရီဝက်လောက်အကြာတွင် လူငယ်နှစ်ယောက် ရောက် လာသည်။ ဖုန်းထဲမှပြောလာသောလူငယ်နှစ်ယောက်ကို တစ်ခါမှ မမြင် ဖူး၊ နာမည်လည်းမသိ ဖြစ်နေသော်လည်း လာရာလမ်းအတိုင်း မှန်း ကြည့်နေရသည်။ ကျွန်တော့်မှာ မိသားစုနှင့်ထိုင်နေရာမှ လှမ်းကြည့် နေခြင်း ဖြစ်ပါသည်။ မကြာပေ။

လူငယ်နှစ်ယောက် တွေ့လိုက်ရ၍ သူတို့ပဲဆိုပြီးလှမ်းကြည့်နေရာ မျက်မှန်နှင့်လူငယ်တစ်ယောက်က အပြုံး မျက်နှာဖြင့် ရှေ့ကနေ ဆိုင်ထဲဝင်လာခဲ့သည်။ ''ကျွန်တော် စိုးညွန့်ဝေ (လှိုင်ကော်)ပါဆရာ''ဆိုပြီး ကလောင်နာမည်နှင့်အတူ ကိုယ်တိုင်မိတ် ဆက်လာပါသည်။

ကျွန်တော်က စားပွဲပြောင်းထိုင်ပြီး သူတို့နှင့် တွေ့ဆုံလိုက် သည်။ စာအုပ်ထုတ်ရန်၊ အမှာစာရေးပေးရန်၊ စိတ်ကြိုက်ရေးရန် စသည်ဖြင့်ပြောရင်း လက်ဆောင်ပစ္စည်းများပါ စားပွဲပေါ်တင်သည်။ ပြီးမှ စာမူထုပ်ကို ထုတ်ပြပါသည်။ ကျွန်တော့်ဆီ အဖြူရောင်အိတ် ကလေး လှမ်းပေးသည်။ စာအိတ်ကလေးလည်း ပါရဲ့။

''ကျွန်တော်က နက်ဖြန် လှိုင်ကော်ပြန်မယ်။ သူက ကျောင်း သားသမဂ္ဂက ...ဆရာ''

''ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော် ဖတ်ပါဦး မယ်။ ပြီးမှ ရေးပေးမယ်။ အချိန်ရော ပေးနိုင်လား''

''ပေးနိုင်ပါတယ် ဆရာ .. ရတယ် ..''

ရေကျော် မောင်အေးကဖီးမှာ စကားလုံးများနှင့် ကျွန်တော် တို့တွေ့လိုက်ကြပါသည်။ စကားလုံးများနှင့်အတူ စိုးညွန့်ဝေ(လှိုင်ကော်) ၏ စာမူအိတ်ကလေးသည် အသက်ဝင် ရှင်သန်ထမြောက်လာပါသည်။ အိမ်ရောက်တော့ စာအုပ်စင်ပေါ် တင်ထားလိုက်သည်။ နောက်နေ့မနက် ကျမှ အိတ်ဖွင့်ပြီး စာမူများ ယူကြည့်သည်။ ရယ်စရာရသစုံမဂ္ဂဇင်း၊ ဧပြီ၊ ၂၀၁၄။ နောက် 7 Day Daily သတင်းစာနှင့်ဂျာနယ်၊ နောက် မဟေသီမဂ္ဂဇင်း။ စိုးညွန့်ဝေ(လှိုင်ကော်)၏ ဆောင်းပါးအထွေထွေပါ လား။

***

ယနေ့ ပွင့်လင်းမြင်သာသည်ဆိုသော မီဒီယာခေတ်သည်

အကန့်အသတ်မဲ့ စာပေလွတ်လပ်ခွင့် ပေးလိုက်သဖြင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် စာအုပ်စာတမ်းများသည် နိုင်ငံရေးရေစီး ကြောင်းထဲ သက်ဆင်းလူးလိမ့်စီးမျောသွားကြပါသည်။ သမ္မတ၊ သမ္မတ အကြံပေးများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီနိုင်ငံရေးများ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ ငြိမ်းချမ်းရေးဆွေး နွေးပွဲများ စသည်ဖြင့် သုံးဘက်မြင်မြင်ကွင်းကျယ်ရုပ်ရှင်ကားကြီးပမာ ကြည့်မြင်နေရသလိုပင် စာနယ်ဇင်းများတွင် ဖတ်ရှုနေရပါသည်။ ကျွန်တော့်ဆီ ရောက်လာသော စိုးညွန့်ဝေ(လှိုင်ကော်)၏ စာမူများသည် အနှီရုပ်ရှင်ကားကြီးထဲမှ အခန်းတစ်ခန်းအဖြစ် တွေ့မြင် ဖတ်ရှုနေရသည်။ လူငယ်ကျောင်းဆရာ၊ စာရေးဆရာ၊ တိုင်းရေးပြည် ရာသမားတစ်ယောက်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအကြား၊ လက်ရှိ ဖြစ်တည်နေသော အခင်းအကျင်းများ၊ ပြဿနာများ၊ အမယ်ဘုတ် သူ့ချည်ခင်များကို စေ့ငုထောက်ရှုရင်း ကလောင်လက်နက်ဖြင့် ရေးသား တင်ပြနေပါသည်။ ထိုသို့ ရေးသားတင်ပြရာတွင် ရှေးဂန္ထဝင်စာပေများမှ တစ်ဆင့် နှိုင်းယှဉ်ရေးသားထောက်ပြသည်ကို တွေ့ရသည်။ အထူး သဖြင့် ကုန်းဘောင်ခေတ်၊ ကဗျာလင်္ကာများနှင့် အတင်အပြ ပါးနပ်စွာ ရေးသားထားသည်။ ဥပမာ အချုပ်တန်းဆရာဖေ၊ ဦးပုည၊ ရာဇဓိရာဇ် အရေးတော်ပုံ၊ ဆရာတော်ဦးဖုမ်၊ ဦးပေါ်ဦး စသည်ဖြင့် ...။

ထို့ပြင်တဝ။ ၂၀ ရာစု မြန်မာစာပေများထဲမှလည်း ရှိသေး သည်။ ဦးဖိုးကျား၊ လူထုဒေါ်အမာ၊ ဦးလတ်တို့ကိုလည်း တွေ့ရသည်။ ရာမဇာတ်ထဲမှ လေးတော်တင်ခန်းလည်း ပါသည်။ မင်းသုဝဏ်၏ ''ဘကြီးအောင်ညာတယ်''ဝတ္ထုလည်း ပါသည်။ သင်္ဂဇာဆရာတော်၏ အဖြစ်အပျက်လည်းပါသည်။ နောက် စာကြည့်တိုက်အကြောင်း၊ ရေစစ် အကြောင်း စသည်ဖြင့် ကိုယ်တွေ့အကြောင်းလည်း ပါသေးသည်။ ထူးထူးခြားခြား နှိုင်းယှဉ်တင်ပြနေသော ယနေ့ မြန်မာပြည် နိုင်ငံရေး၏ လွှတ်တော်တွင်းမှ

ခက်တင်မောင်းနင်းအဖြစ်များသည် စာရေးသူ၏ အာရုံများထဲတွင် စွဲထင်ကျန်ရစ်ခဲ့ကာ မိမိဦးတည်ရာသို့ ရောက်အောင် တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်ဖုံ၊ အမျိုးအမယ်စုံစွာ ရေးသားတတ်သည်ကို ဦးစွာပထမ သတိထားမိသည်။ နောက် စကား ပြေအရေးအသားသည် ပြေပြစ်လှပစွာရှိနေသည်ကိုလည်း တွေ့ရသည်။ (စာရေးဆရာတစ်ယောက်၏ ကြန်အင်လက္ခဏာတစ်ရပ်သည် ''ကိုယ်ပိုင် ရေးဟန်(Own Style)ရရှိပိုင်ဆိုင်မှုပင် ဖြစ်သည်။)

ဥပမာ ... ''ခက်တ်တာက လက်ရှိဝန်ကြီးများမှာ ဦးပေါ်ဦး ကဲ့သို့ ဘုရင်ကိုပျော်တော်ဆက်ရုံမျှ မကတော့ဘဲ ပြည်သူလူထုကိုပါ ပြက်လုံးတွေ တစ်မျိုးပြီးတစ်မျိုးပြောကာ ရယ်ရွှင်ဖွယ်ဖျော်ဖြေပေးနေလေရာ ဦးပေါ်ဦး ကိုယ်တိုင်က 'ဟိုက် ... ငါ့ထက် သာပဟ' ဟု ဆလံပေး အလေးပြုရမည့်ကိန်း ဖြစ်နေလေမည်မှာ မြေကြီးလက်ခတ်မလွဲ''

''ဘုန်းတော်ကြောင့်'' ဆောင်း ပါး၏ နဂိ ႏု ချုပ် စကားပြေ လက်ရာ(Prose Writing) ဖြစ်ပါသည်။ ဘိုးတော်ဘုရားလက်ထက် မြစ်ရေကြီးလာ၍ အမတ်ကြီးဦးပေါ်ဦးအား ခေါ်ယူအကြံပေးစေရာ ''ဘုန်းတော်ကြောင့်''ဆိုပြီး မင်းလိုလုက် မင်းကြိုက်တင်သူများနှင့် ယနေ့ သမ္မတကြီး အနားမှ ပုဂ္ဂိုလ်များကြားဝယ်''တတိယလှိုင်း'' (Third Wave)ဆိုပြီး ပြောနေပုံများကို ခိုင်းနှိုင်းကာ သရော်ဟန်ငွေ့ငွေ့လေး ဖြင့် နိဂုံးချုပ်ထားခြင်း ဖြစ်သည်။ အခြားဆောင်းပါးအတော်များများ မှာလည်း သရော်ဟန်များပင် တွေ့မြင်ဖတ်ရှုခံစားနေရပါသည်။

***

ကျွန်တော်သည် စိုးညွန့်ဝေ(လှိုင်ကော်)၏ ဆောင်းပါးများကို အမျိုးအစားအရ ခွဲခြားပြောလိုသည်။ အမှားကို အမှန်၊ အဓမ္မကိုဓမ္မ ဖြစ်စေချင်သော

မုသားဝါဒီဝန်ကြီးများ၊ ကြိမ်းမောင်းခြိမ်းခြောက်မှ
ကျေနပ်ချင်နေကြသောဝန်ကြီးများ (နယ်တကာလှည့်၍ ပါးရိုက်ရဲသော
ဝန်ကြီးအပါအဝင်)၊ နောက်ဆုံး အရက်အစား နွားနို့သောက်ဖို့ တိုက်
တွန်းသောသမ္မတို့၏ စကားအရာမလိမ္မာမှုများကို တစေ့တစောင်း ရေးပြ သော
ဆောင်းပါးများ၊ ''မှန်ခေါ်ရင် အာခေါင်ဖွဲ့မယ်လို့ မောင်းလှည့်မယ့်
လူစားများ''(အချုပ်တန်းဆရာဖေနှင့် ဦးပုညတို့ စာပေတိုက်ပွဲနှင့် ယှဉ်၍ )၊
''လိပ်ခွပ်လို့ သမင်သေ ခြေမျိုးမျှော်လို့နေ''(မပဉ္စာ၊ ကိုဒါသ ဇာတ်ထဲမှ
မထွေးလေး၏ အရှုးသီချင်းနှင့်ယှဉ်၍ ) ဟ ကျွန်တော် နှစ်ခြိုက် သောဆောင်းပါး
ဖြစ်သည်၊ ဓမ္မစေတီခေါင်းလောင်းဆယ်ခန်း၊ နိုင်ငံရေး အခန်းခန်း အထွေထွေ
ဘယ်ဇာတ်တော်လေမှန်း မသိသော တိုင်းပြည် ခေါင်းဆောင်များ၏
ရယ်စရာဟာသများ စသည်ဖြင့် ဖတ်ရသောကြောင့် ဖြစသ် ည်၊ ''သီလဂကြားရင်
ရယ်သွားမယ်''၊ ''မောင်ကျောက်လုံး ထံနည်းခံခဲ့လေသလား'' ဟ
ကျွန်တော်နှစ်ခြိုက်သောဆောင်းပါး၊''ပြည်သူ ဆိုသည်မှာ အလကားနေရင်း
ဆူပူအုံကြွနေသူများ မဟုတ်ပါ''ဆို သော ပြည်သူ့ဘက်မှရပ်တည်ခဲ့သောဆောင်းပါး
ဖြစ်သည်။'

နောက်ဆုံး ''ဘကြီးအောင် ညာနိုင်လွန်းတယ်''။ အမျိုးသား
ပညာရေးဥပဒေပြင်ဆင်ရေး၊ ကျောင်းသား၊ကျောင်းသူများ၏ ခရီးရှည် ဆန္ဒပြပွဲ
ရက်စက်စွာဖြိုခွင်းမှု ..စသည်ဖြင့် ဖတ်ရှုခံစားပြင်းပြရသော ဆောင်းပါးဖြစ်သည်။
စိုးညွန့်ဝေ(လွိုင်ကော်)သည် ကျောင်းဆရာတစ်ဦး ဖြစ်၍ ပြင်းပြစွာမျှဝေခံစားမှုဖြင့်
ရေးသားထားပါသည်။

ရယ်စရာမဂ္ဂဇင်းဆောင်းပါးများအပြင် 7 Day Daily သတင်း
စာဆောင်းပါးများ ရှိသေးသည်။ နိုင်ငံရေးစာမျက်နှာပြင်သို့ ရောက်
လာသောဆောင်းပါး ''အမယ်ဘုတ်သျှူ့ချည်ခင် ဘယ်သူဝင်လို့ ရှင်း မလဲ''သည်
နိုင်ငံရေးသမား၊ ပြည်သူလူထုနှင့် အာဏာရှင်များအကြောင်း ဖွင့်ဆိုရေးပြထားသည်။

နောက် ''မှတ်တမ်းတင်ရှိပြီးမှာ စိုးမိသကို'' ဆောင်းပါးသည်လည်း ထို့အတူပင် စာကြည့်တိုက်များဖွင့်လှစ်ရန် ဆန္ဒ ပြုထားသည်၊ ''ပြည်ဖုံးကားမချသေးသော လေးတော်တင်ခန်းများ'' မှာ ကျွန်တော်နှစ်ခြိုက်သောဆောင်းပါး ဖြစ်သည်။ စာကြည့်တိုက်ဖွင့်ပွဲ အကြောင်းဖတ်ရသဖြင့် ရင်နင့်သွားသည်။

နောက် မဟေသီမဂ္ဂဇင်းမှ ''ရေစစ်'' ဆောင်းပါး။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကျင်းပရေးကာလတွင် ရေစစ်အကောင်းများနှင့်ယှဉ် ၍ ရေးသားထားသည်။ ''ခက်တာက မြန်မာပြည်မှာ ရေပေါများ သလောက် ရေစစ်ကောင်းရှားပါးခြင်းပင် ဖြစ်ပ်ပါသည်'' ဆိုသော ဆောင်းပါးရှင်၏ နိဂုံးချုပ်စကားပြေသည် ကျွန်တော်အပါအဝင် စာဖတ် သူပြည်သူများ နားလည်သိမြင်ကြပါသည်။

စိုးညွန့်ဝေ(လှိုင်ကော်)၏ ဆောင်းပါးအထွေထွေသည် ဘယ် ဇာတ်တော်လေမှန်း စာဖတ်သူများ ဖတ်ရှုသိမြင်နိုင်ပါသည်။ သို့သော် စာဖတ်သူ (ကျွန်တော့်အနေဖြင့် ပြောရလျှင်) မြန်မာပြည်၏ ယနေ့ပါတီ နိုင်ငံရေးအကြောင်းများ ပါးလျစွာ ပါဝင်နေရာ တစ်ဘက်တွင် ဆင်ခြင် ဝေဖန်နေသကဲ့သို့ ပါတီနိုင်ငံရေးများကိုလည်း ထောက်ပြအကြံပေးသင့် ပါသည်။ နောက်ဆုံးပြောရလျှင်''အသိပညာချစ်မြတ်နိုးသူများ နိုင်ငံရေး အာဏာ မရသရွေ့(သို့မဟုတ်) အာဏာကိုကိုင်ထားသူများ အသိပညာ မြတ်နိုးသူများ မဖြစ်သရွေ့ လူသားအပေါင်းသည် ဒုက္ခ မငြိမ်းနိုင်ပါ''

“Mankind will never see an end of troubles until lovers of wisdom come to hold political power, or the holders of power become lovers of wisdom.”

''သမ္မတနိုင်ငံ(The Republic)''ကျမ်းကိုရေးခဲ့သော ''ပလေတို (Plato)''ကို သတိရမိသောကြောင့် ဖြစ်ပါသည်။ ။

**လေးကိုတင်**

(၆ .၆ .၂၀၁၅)

***

## စာရေးသူ၏ အမှာ

ကျွန်တော်က နိုင်ငံရေးသမား မဟုတ်ပါ။ နိုင်ငံ့အရေး၊ နိုင်ငံ့ အခင်းအကျင်းကို မကြာမကြာ စိတ်ဝင်တစား လှမ်းကြည့်တတ်သည့် သာမန်စာသင်ဆရာတစ်ယောက်၊ သာမန်စာရေးသူတစ်ယောက်သာ ဖြစ်ပါသည်။ ထိုအခါ မြင်သိ ကြားမိသမျှထဲက အမြီးအမောက် မတည့် တာ၊ မထော်မနှမ်း ဖြစ်နေတာ၊ ကမောက်ကမ အခြင်းအရာတွေကို စာရေးသူ၏ ဉာဏ်ဖြင့် တစ်ခုခု တုံ့ပြန်ပြောဆိုလိုစိတ်များ ဖြစ်လာရပါ သည်။ ဤသည်ပင် ဤစာစုများ ဖြစ်လာရသည့်အကြောင်းရင်း ဖြစ်ပါ သည်။

နိုင်ငံရေးတတ်သိကျွမ်းကျင်သောပညာရှင်တစ်ယောက်မဟုတ် သည့် ကျွန်တော်၏ ထင်မြင်ချက်၊ ယူဆချက်၊ သုံးသပ်ချက်၊ ဝေဖန်ချက်၊ တောင်းဆိုချက်များသည် ''ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြို မယ့်ကြံ၊ ခါးကမသန်''ဆသို လပြော အပြောင်း အလတဲ စခ် အု တကွ အရာ ရောက်၊ မရောက် မသိနိုင်သော်လည်း သာမန်ပြည်သူတစ်ဦး၏ သာမန် အသံတွေ ပါဝင်နေသည်ဟုတော့ ရဲရဲဝံ့ဝံ့ ပြောဝံ့ပါသည်။ ထိုသာမန်မျှ သောအသံလေးတွေသည်ပင် ပြည်သူတွေ လိုလားတောင့်တသည့် ခံ စားချက်တွေကို ကိုယ်စားပြုနေသည်ဟုလည်း အကြွင်းမဲ့ ယုံကြည်မိ ပါသည်။

သီတဂူဆရာတော်ကြီး က ''ပါးစပ်မှာ ခဲဖဲဖျက်မပါဘူး'' ဟု မိန့်ဖူးပါသည်။ သို့သော် စကားကို ပြီးစလွယ်ပြော၊ ပြီးစလွယ်ပြန်ပြင်နှင့် အလုပ်များတော်မူကြသည့် တိုင်းပြည်အုပ်ချုပ်သူများကို ကျွန်တော် မနှစ်သက်တာ အမှန်ဖြစ်ပါသည်။ မိုးထိမြင့်သော နတ်ဘုံနတ်နန်းတမျှ စံစားနေကြသူတွေနှင့် မိုးယိုနေသော စာသင်ကျောင်းထဲက ကျောင်း သားလေးတွေကို

နှိုင်းယှဉ်ကြည့်မိတိုင်းလည်း ရင်ထဲ တစ်တစ်ဆို့ဆို့ ခံစားရသည်မှာ အမှန်ဖြစ်ပါသည်။ သဘာဝ သယံဇာတတွေ ပျက်သုဉ်း အောင်၊ သစ်တွေ တောတွေ ပြောင်တလင်းခါအောင်၊ ယုတ်စွအဆုံး မူးယစ်ဆေးဝါးတွေ၊ လောင်းကစားတွေ၊ ဖိမ်ခန်းတွေ ဖန်တီးပြီး ပြည်သူ လူထုကိုအောက်ဆုံးအဆင့်သို့ မရောက်ရောက်အောင် ဆွဲချနေသူများ ကတော့ ချမ်းသာချင်တိုင်း ချမ်းသာနေကြပြီး ကိုယ့်လယ်ကိုယ့်မြေမှာ အေးအေးချမ်းချမ်း ထွန်ယက်စိုက်ပျိုးကာ ဝမ်းစာရှာဖွေရပ်တည်နေကြ သူများကတော့ ထောင်ထဲမှာ ဒုက္ခမျိုးစုံ ခါးစည်းခံနေကြရသည့်ခေတ် စနစ်ကြီးကိုလည်း အော့နှလုံးနာမိတာ အမှန်ဖြစ်ပါသည်။

သူတစ်ပါးအပြစ်တွေကိုပဲ လက်ညှိုးထိုးနေပြီး ကိုယ်တိုင်က ရော တိုင်းပြည်အတွက် ဘာများလုပ်ပေးနိုင်လို့လဲဟု မေးလာခဲ့ပါအံ့။ ကျွန်တော်တတ်နိုင်တာကတော့ အမှိုက်တွေရှုပ်ပွနေသည့် အခန်းကျယ် ကြီးထဲကို ကလောင်တံဖြင့် တံမြက်စည်းတစ်ချက်ဝင်ခတ်ရုံမျှသာ ဖြစ် ပါသည်။ ။

စာတကယ်တတ်၍ စာတကယ်ဖတ်သူများကို

ဦးညွတ်လေးစားသောစိတ်ဖြင့်

**စိုုးညွန့်ဝေ၊လွိုွုင်ကော်။**

***

သီလဂကြားရင် ရယ်သွားမယ်



“

ရှင်ကြီးဝမ်းလည်း ဝင်ဖူး
ရှင်ငယ်ဝမ်းလည်းဝင်ဖူးသော
ဆင်းရဲသားမြန်မာအမျိုးသားကောင်းတို့မှာ
ဒီမိုကရေစီဟုခေါ်အပ်သော
ယခုခေတ်ကြီးကို ရောက်ချိန်ကျလာခါမှ
ဟာဒယနှလုံးအိမ်တွေ
ပို၍ ရွှင်မြူးလာကြလေသလားတော့
မပြောတတ်ပါ။
ရယ်မောခြင်းအတတ်ပညာ၌
တစ်ဘက်ကမ်းခတ်ကုန်ကြတာကတော့
သေချာပါသည်။

”

## ၁။

ဟာသဆိုသည်မှာ ရယ်စရာ၊ ပြုံးစရာဖြစ်ကြောင်း အားလုံးသိကြပါသည်။ လောက၏ ရှေ့နောက်မညီသော၊ အမြီးအမောက် မတည့် သော မတော်မတည့် ကမောက်ကမ စကား၊ ကမောက်ကမ အမူအရာ ဟူသမျှသည် ဟာသဖြစ်ပါသည်။ ဦးပုည၏ ရေသည်ပြဇာတ်ထဲက ''ဆံထုံးတော်ကြီး၊ တမာသီးနှင့်၊ ခါးစည်းဝတ်လဲ၊ ချုပ်စပြဲကို၊ တဲအပ်နှင့်တွယ်၊ လူမြင်သမျှ၊ စိတ်ပျက်အောင်လုပါတဲ့..မရေသည်'' ဟူသည့် ရေသည်မိန်းမ၏ ပုံပန်းသွင်ပြင်ကို ဖော်ကျူးသော အဖွဲ့မျိုး၊ ''ညတုန်းက မိုးတွေက ဟောင်၊ ခွေးတွေက ရွာနေတာမို့ ခြင်ထောင် ကို မြန်မြန်မှုတ်ပြီး မီးခွက်ထဲ ဝင်အိပ်လိုက်ရတယ်'' ဟူသော

လူရွှင်တော် ပြက်လုံးမျိုး၊ ''မိုးပေါ်မှာလိပ်ဝဲလို့ ရေထဲကလင်းတခုန်၊ ဆိတ်ပျောက်လို့ ကျွဲကိုရှာတယ်၊ တွေ့ပါပြီ ကျုပ်နွား'' ဟူသော မပဋ္ဌာ၊ ကိုဒါသဇာတ်ထဲက ပဋ္ဌာစာရီအရူးသီချင်းမျိုးမှာ ကမောက်ကမ မတော် မတည့် အခြင်းအရာတွေကြောင့် ဟာသကွက်တွေ ဖြစ်ရခြင်း ဖြစ်ပါ သည်။

ထိုဟာသတွေနှင့် ကြုံလာရသောအခါ သာမန်လူ မဆိုထား ဘိ။ အင်မတန်ဣန္ဒြေကြီးသည်ဟု ရာဇဝင်မှာ နာမည်ကြီးသော ရမည်း သင်းမြို့စား သီလဝသည်ပင် ၃ခါတိတိဘဝမှာပြုံးခဲ့ရဖူးသည်ဟု အဆို ရှိပါသည်။

အကြောင်းက ဤသို့၊ မြို့စား သီလဝ၏ အိမ်သို့ တောသား တစ်ယောက် ကြက်လက်ဆောင်ဆက်ရန် လာရာ သီလဝကို မမြင်၍ ပြန်ဆင်းသွားသည်။ ဤသည်ကို သီလဝ၏ ဇနီးစောပုလဲမြင်လျှင် ''ငါ သည် မြို့စား၏ မယားဖြစ်ပါလျက် ငါ့ကိုမျှ မဆက်ဘဲ ပြန်သွားသည်။ မိန်းမဟူသည်ကား ယောကျ်ားတို့ဘုန်းကိုသာ မှီလျက် အသက်မွေးရ ချေသည်တကား''ဟု အောက်မေ့လျက် သီလဝ ပြန်လာသောအခါ ရွှေဖလားနှင့်ဆီး၍ ခြေကို ရေဆေးပေးလေ၏ ။ ထိုအခါ သီလဝက ''ယနေ့ ငါ့မယား ထူးခြားလှပေသည်တကား'' ဟု ပြုံးသောဟူ၏ ။

နောက်တစ်ခါကျတော့ မြို့ထိပ်တွင် နေစာလှုံနေတုန်း ရဟန်း လူထွက်တစ်ယောက် ခေါင်းပေါင်းမချွတ်ဘဲ ကျုံးထဲတွင် ရေငုပ်ချိုး နေသည်ကို မြင်ပြီး ပြုံးရပြန်သည်။ တစ်ကြိမ်ကျပြန်တော့ ရမည်းသင်း မြို့ဝန်းကျင်သို့ ရှမ်းစစ်သည်များ ရောက်လာသည်ကို သီလဝက ဂရု မစိုက်ဘဲ ကြက်ပွဲကမထ ရှိနေရာ မြို့စားကတော်က စိုးရိမ်တကြီးဖြင့် ရင်ဘတ်စည်တီး၊ ရင်ဝတ်အကျွတ်ကျွတ်၊ ဆံပင်ဖားလျားနှင့် ''ရန်သူ အပြည့် မြို့ပြင်မှာရှိနေတာကိုဂရုမစိုက် ကြက်ပွဲမှာပဲ နေနေရသလား'' ဟုအော်ကာ အူယားဖားယားပြေးလာသည်ကိုမြင်ပြီး''ငါ့မယား အစိုး ရိမ်ကြီးရန်ကော''ဆိုကာ ပြုံးရပြန်သည် ဆိုပါသည်။

တစ်သက်နှင့်တစ်ကိုယ် ထို ၃ ကြိမ်သာပြုံးပြီး ဣန္ဒြေကြီး လွန်းစွာ

ခပ်တည်တည်နေသွားခဲ့သောသီလဝကတော့ ရာဇဝင်မှာ စာ တင်ခံခဲ့ရသည်မှာ အမှန်။

## ၂။

ကျွန်တော်တို့ မြန်မာလူမျိုးအတော်များများကတော့ သီလဝ လောက် လျှော့မကြီးနိုင်ကြတာ သေချာပါသည်။ ဘိုးဘေးအစဉ်အဆက် ဒုက္ခကို ရယ်စရာလုပ်ပစ်တတ်သောလူမျိုးဆိုတော့ ခပ်တည်တည် မလုပ်နိုင်အားဘဲ ပြုံးစရာရှိ ပြုံးပစ်၊ ရယ်စရာရှိ ရယ်ပစ်လိုက်ကြသည် ပင် ဖြစ်ပါသည်။ ဤသို့သော ရှင်ကြီးဝမ်းလည်း ဝင်ဖူး၊ ရှင်ငယ်ဝမ်း လည်းဝင်ဖူးသော ဆင်းရဲသားမြန်မာအမျိုးသားကောင်းတို့မှာ ဒီမို ကရေစီဟုခေါ်အပ်သော ယခုခေတ်ကြီးကိုရောက်ချိန်ကျလာခါမှ ဟဒယ နှလုံးအိမ်တွေ ပို၍ ရွှင်မြူးလာကြလေသလားတော့ မပြောတတ်ပါ။ ရယ် မောခြင်းအတတ်ပညာ၌ တစ်ဘက်ကမ်းခတ်ကုန်ကြတာကတော့ သေချာ ပါသည်။

ရှုပါလေ့။ ဟာသကားတွေ မကြည့်ပါဘဲ၊ ဟာသဝတ္ထုတွေ မဖတ်ပါဘဲနှင့်လည်း ရုပ်မြင်သံကြားသတင်းတွေကြည့်ပြီး ပါးစပ်ကြီး တွေ ဖြဲကုန်ကြတာကို တွေ့ရ၏ ။ တချို့က ပက်လက်ကုလားထိုင်တွင် ထိုင်ကာ သတင်းစာဖတ်ရင်း ပြုံးဖြီးဖြီးကြီးတွေ ဖြစ်နေကြ၏ ။ တချို့က ရေဒီယိုသတင်းနားထောင်ရင်း တဟားဟားဖြစ်ကြပြန်၏ ။ လက်ဖက် ရည်ဆိုင်မှာ ဂျာနယ်ဖတ်ရင်းလည်း ကိုယ်ကို ယိမ်းထိုးခုန်ပေါက်ကာ အူလှိုက်သည်းလှိုက် ရယ်မောနေကြပြန်၏ ။

အကြောင်းရင်းကို ဆန်းစစ်လိုက်သော အခါမှာကား ...။

''ကျွန်တော်တို့အစိုးရဟာ ပြည်သူလူထုအတွက် နှစ်ပေါင်း များစွာ အစစ အရာရာ အနစ်နာခံ၊ အဆုံးရှုံးခံပြီး ဆောင်ရွက်ခဲ့တာ မှီလို့ နောက်ဆုံး

တိုင်းပြည်ဟာ ဆင်းရဲမွဲတေသွားရတော့တာပါပဲ''

တိုင်းပြည်ဆင်းရဲမွဲတေရခြင်း၏ အဖြေမှာ လက်စသတ်တော့ ပြည်သူတွေကြောင့်ဟု ရှင်းရှင်းလင်းလင်း မိမိရရ ထောက်ပြနိုင်သော တိုင်းဒေသကြီးဝန်ကြီးချုပ်တစ်ဦး၏ စကားကြောင့် လက်ဖက်ရည် သောက်ရင်း ဂျာနယ်ဖတ်နေသူမှာ လက်ဖက်ရည်ပင် သီးသည်အထိ ရယ်မောမိသော ဟူ၏။

''အကြွေးဆိုတာ ခုဘဝ မဆပ်ရင် နောင်သံသရာအထိ ပါသွားတတ်ပါတယ် ...။ ဒါကြောင့် အကြွေးမြန်မြန်ကျေအောင် တစ်နေ့ကို ထမင်းတစ်နပ်လျှော့စားပါ ''

အဆင့်မြင့်ဟိုတယ်တွေပေါ်က စားကောင်းသောက်ဖွယ်တွေ မစားဖူး၊ နိုင်ငံခြားဖြစ်အရက်အကောင်းစားတွေ၊ ဝီစကီတွေ မသောက် ဖူးသည့် တောင်သူလယ်သမားတို့၏ ငါးပိရည်နှင့် နယ်ဖတ်ထားသော ထမင်းတစ်နပ်ကို လျှော့စားခိုင်းကာ ကမ္ဘာ့စီးပွားရေးပညာရှင်၊ ငွေကြေး ပညာရှင်ကြီးတွေပင် မစဉ်းစားနိုင်သည့် အကြွေးကျေနည်း နိဿရည်း ကိုနည်းပေးလမ်းညွှန်မှုပြုပေးသော ဝန်ကြီးတစ်ဦး၏ သမိုင်းတွင်စကား ကို နားဆင်ရသူအပေါင်းမှာလည်း မြေကြီးနှင့်တင်ပါး ဆောင့်ဆောင့်ပြီး ရယ်မောမိကြသည်ဆို၏။

''မြန်မာပြည်မှာ လျှပ်စစ်ဓာတ်အားတွေပိုလျှံလွန်းလို့ နိုင်ငံ ခြားကို ဝေမျှရောင်းချနေရတာ ဖြစ်ပ်ပါတယ်''

ဤစကားကို မျက်နှာပြောင်တိုက်ကာ ခပ်တည်တည်မိန့်ဆိုပြီး သကာလ မကြာမီအနားယူသွားရရှာသည့် လျှပ်စစ်ဝန်ကြီး၏ အင်တာဗျူးပါသည့်ဂျာနယ်ကို လောပိတစက်ရုံအနီးရှိ လျှပ်စစ်မြို့တော်တွင် နေထိုင်သောသူများ ဖယောင်းတိုင်ထွန်းကာ ဖတ်ရစဉ်ကလည်း အူနှိပ် နေကြရသည် ဟူ၏။

''ဟုတ်ပ့ါမလား မောင်ကာဋ္ဌုရဲ့''ဆိုလျှင်တော့ ''ဟုတ်ရုံ မက ဘူး။

ဒါထက်ပိုသေးဗျား''ဟု ရွှေမန်းတင်မောင်လေသံဖမ်းပြီး ဆိုရပါ ချိမ့်။ ဆက်ကြည့်ပါဦး။

''ငြိမ်းချမ်းရေးရဖို့ တိုက်တွေရောင်း၊ ကားတွေရောင်း လုပ်နေရပါတယ်''

အင်မတန်ကိုယ်ကျိုးစွန့်ထားရလေဟန် မျက်နှာငယ်လေးဖြင့် ဆိုရှာလေသော ပြည်ထောင်စုဝန်ကြီးတစ်ဦး၏ စကားကလည်း ကြား နာရသူအဖို့ အင်မတန်ပြောင်မြောက်သည့် ဟာဒယရှင်ဆေး ဖြစ်ရပြန် ပါ၏ ။

''ကျွန်တော်တို့ အချိန်ယူပြီး စနစ်တတကျ ရေးဆွဲထဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြည်သူတွေက တစ်ခဲနက်အားပေးထောက် ခံခဲ့ကြတာပါ''ဟုပြောပြီး မကြာမီမှာပင် ''ဖွဲ့စည်းပုံအံအခြေခံ ဥပဒေ ဆိုတိုတာကို ပြည်သူတွက သေသေချာချာ နားလည်တာ မဟုတ်ပါ ဘူး။ ကျွန်တော်တောင် အခုမှ ပြန်ပြီးလေ့လာနေရတုန်း''ဟု ခပ် တည်တည်ဆိုလေသည့် အာဏာရပါတီမှ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦး ၏ ကြမ်းပိုးမှသည်လိပ်ဖြစ်သွားသောပြက်လုံးကိုလည်း ကြားကြားသမျှ ဟာသ ဟာသ ဟု ဆိုရမလို ဖြစ်ရပြန်ပါ၏ ။

ထိုမျှ မကပါသေး။

''အမိန့်တိုင်း လုပ်ခဲ့ရတာ တွေပါ။ တကယ်တော့ ကျွန် တော်က လူရိုးလေးပါ '' ဟု ဆိုသည့် အရေးအခင်းကာလက ဖိနှိပ် သတ်ဖြတ်ရာတွင် လက်သံပြောင်လှသည့် အစိုးရအဖွဲ့ဝင်ဟောင်းတစ်ဦး ၏ ဟာသ၊ တစ်နိုင်ငံလုံး တောတွေပြောင်၊ တောင်တွေ ကတုံးဖြစ်ခါမှ ''သစ်ပင်တွေ ခုတ်ခဲ့မိပါတယ် ''ဟု ဂမ်းပန်းတနည်းဆိုလေသည့် ခရိုနီကြီးတစ်ယောက်၏ ဟာသတို့ကိုလည်း မရယ် ဘယ်သူနေပါမည် တည့်။ တသောသောပင် ဖြစ်ကြရပြန်ပါသည်။

အကောင်းဆုံးပြက်လုံးတစ်ခုကိုလည်း ကြားရပြန်ပါသေး၏ ။

နှစ်ပေါင်းနှစ်ဆယ်ကျော် ရာဇပလ္လင်ပေါ်မှ မဆင်းစတမ်း တိုင်းပြည်ကို စနစ်တကျဖျက်ဆီးပြီးလို့ အားရခါမှ ဘေးကနေထိုင်ကြည့်ကာ အေးအေးလူလူစာဖတ်နေသည်ဆိုသော ပုဂ္ဂိုလ်ကြီး၏ ပြောစကားကတော့ ''တိုင်းပြည်အခြေအနေကို စိုးရိမ်မိတယ်'' ဟသူ တတ်၊ ခများ ဘာကို စိုးရိမ်မှန်း မသိတတ်သော်လည်း ကြားရသူအပေါင်းကတော့ ပါးစပ် မစေ့နိုင်ဖြစ်ကြရပြန်ပါလေသည်။

# ၃။

ကဲ ... ချစ်စွာသော စာရှုသူမိတ်ဆွေ။

ထိုထိုသော ဟဒယရှင်ဆေးတိုက်ကျွေးမှုတွေနှင့် အသုံးတော် ခံ၊ အဖျော်ဖြေခံနေသည်ကို အားပေးနားဆင်နေကြရသည့် မြန်မာပြည်သူပြည်သားအပေါင်းတို့မှာ အခြားအခြားသော နိုင်ငံသားတွေ ထက် ပို၍ ရယ်တတ်၊ မောတတ်၊ ပျော်ရွှင်တတ်လာသည် ဆိုခြင်းကို အသင်ငြင်းချက်မထုတ်ချင်တော့ဘူးဟု ထင်ပါသည်။ တဟီးဟီး တဟားဟားဖြင့် ဘဝကို နေထိုင်ဖြတ်သန်းရခြင်း မှာ ကျေနပ်စရာကောင်းလှပါဘိတောင်း။ အုပ်ချုပ်သူအစိုးရမင်းများ ကိုယ်တိုင်က ပြည်သူကို ရယ်ရွှင်အောင်လုပ်ပေးသောနိုင်ငံမှာ မွေးဖွား လာရခြင်းသည် လူဖြစ်ကျိုးနပ်လှပါဘိတောင်း။

အင်မတန်ကြွေကြီးသည်ဟုရာဇဝင်စာတင်ခံရသော သီလဝ သည်ပင် ယခုတိုင် သက်ရှိထင်ရှား ရှိနေပါပြောအံ့။ သူ၏ တစ်သက် လုံးနေမှ ၃ ခါသာ ပြုံးဖူးသည်ဟူသော ဂုဏ်ပုဒ်ကြီးကို စွန့်လွှတ်ကာ အကြိမ် သုံးထောင်၊ သုံးသောင်း၊ သုံးသိန်းမက ရယ်မောနေမည်ကို မြင်ယောင်မိပါသေးတော့၏ ။ ။

**- ရယ်စရာရသစုံ မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၄။**

***